## သုတာပဒေသာ (ဝိဇ္ဇာ)ဆု အဖွဲ့ငယ်၏ မှတ်ချက်

ချစ်စံဝင်း၏ 'ဤခရီးနီးသလား' စာအုပ်တွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေးဘဲ အနေးနှင့်အမြန် ရင်ဆိုင်နေကြရသော သေခြင်းတရားကို မြန်မာ့စာပေ၊ ကမ္ဘာ့စာပေဝန်းကျင် အတွေ့အကြုံများမှ ရရှိသော သဘောထားများကို စာရေးသူ၏ အတွေးအခေါ်များနှင့် ပေါင်းစပ်၍ ဗဟုသုတစုံအောင် တင်ပြထားသည်။ ယနေ့ကမ္ဘာပေါ်ရှိ လူအများသည် လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာန်မာနမီးများ တောက်လောင်လျက် သေခြင်းတရားကို မေ့လျော့နေကြကြောင်း၊ သေခြင်းတရားကို သတိပြုမိပါက ဖော်ပြပါမီးများ ငြိမ်းသင့်သလောက် ငြိမ်း၍ တစ်ဦးနှင့် တစ်ဦး၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မေတ္တာစိတ်ပွားနိုင်ကာ ကမ္ဘာငြိမ်းချမ်းရေးကို ရနိုင်ကြောင်း ပေါ်လွင်အောင်ရေးဖွဲ့ထားသည်။ မည်သူမျှ အားမထုတ်ဘူးသော ရှုထောင့်အမြင်ဖြင့် အားထုတ်ရေးသားထားသော စာအုပ် ဖြစ်သည်။